# ဖေမြင့်၏ နှလုံးသားအာဟာရ ရသစာစုများမှ ဘဝအသိ

ချယ်ရီထွန်း


**စာတမ်းအကျဉ်း**

ဤ စာတမ်းသည် စာရေးဆရာဖေမြင့်၏ နှလုံးသားအာဟာရ ရသစာစုများမှ စစ်မှန်သော ရသစာပေ၏တန်ဖိုးသည် လူတို့အတွက် ဘဝအသိအထိ သတိပြုဆင်ခြင်ဖွယ် ဖြစ်စေသည် တို့ကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ရသအနွယ်ဝင် ရသစာစုတို့သည် လူ့စိတ်တွင်း သရုပ်ကို မြင်ယောင်လာစေပြီး ဆင်ခြင်ဖွယ် အသိတရားတို့ကို တိုတိုနှင့်ထိမိစွာ စွမ်းဆောင် နိုင်စွမ်းရှိပုံကို 'ကောင်လေးနှင့်ခွေးလေး၊ ပြတင်းပေါက်၊ ကွတ်ကီသူခိုး' အစရှိသော ရသစာစု (၅)ပုဒ်နှင့် ချဉ်းကပ်လေ့လာ တင်ပြထားပါသည်။


**သော့ချက်စကားလုံးများ**၊ အစ္ဈတ္တ၊ ဘဝအသိ၊ ရသစာစု၊ အာနိသင်ရသ၊ ဘာသာပြန်ဝတ္ထု။

## နိဒါန်း

ရသအနွယ်ဝင် ရသစာစုတို့သည် တိုတိုကျဉ်းကျဉ်းနှင့် စာဖတ်သူတို့အပေါ် စွဲဆောင်နိုင်သော စာပေပုံသဏ္ဍာန်တစ်ခုအဖြစ် ယနေ့ခေတ်တွင် ရပ်တည်နေပေသည်။ ရသစာစုဟူသည် ဖြစ်ရပ်တစ်ခုကိုအရင်းတည်၍ အသိတစ်ချက်ကို ပေးသော စာပေပုံသဏ္ဍာန်တစ်ခုလည်း ဖြစ်သည်။ သိလွယ်၊ နားလည်လွယ်၊ ရင်းနှီးလွယ်သော သဘောလည်း ရှိပေသည်။

ဘဝအကြောင်း၊ လောကအကြောင်းနှင့် လူ့အကြောင်းတို့ကို အချိန်တိုအတွင်း သိနိုင်မြင်နိုင်သော ရသစာစုအဖွဲ့တို့သည် အင်အားအကြီးဆုံးဟု မဆိုသာသော်လည်း အားကောင်းသည်မှာ အမှန်ဖြစ်ကြောင်း ဆရာဖေမြင့်၏နှလုံးသားအာဟာရ ရသစာစုစာအုပ်များက သက်သေခံနေပါသည်။ ဆရာဖေမြင့်၏ နှလုံးသားအာဟာရ ရသစာစုတို့သည် ဘာသာပြန်ရသစာစုများဖြစ်ပါသည်။ ရသဟူသည် စိတ်ကိစ္စဖြစ်ပေရာ ဖော်ပြပါရသစာစုတို့တွင် လူ့အဇ္ဈတ္တကို အဓိကပုံဖော်ထားသည်။ စာရေးဆရာဟူသည် လူ့လောကအတွင်းရှိ လူသားတစ်ဦးဖြစ်သည့်နည်းတူ မိမိကျင်လည်ရာ လူ့ဘောင်လောက၏ အဖြစ်အပျက်တို့ကို အရင်းတည်ပုံဖော်ရင်း လူတို့အတွက် ဘဝအသိ သတိတို့ကို ပေးစွမ်းနိုင်ရန် ကြိုးပမ်းလေ့ရှိကြသည်။ ယင်းသဘောကို ဖေမြင့်၏ ရသစာစုတို့အပေါ်တွင် လေ့လာခံစားမိသဖြင့် ဤစာတမ်းကို ပြုစာလေ့လာ ဆန်းစစ်ထားခြင်း ဖြစ်ပါသည်။

## စာဆို၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆရာဖေမြင့်အား အဖ ဦးအောင်ငြိမ်း၊ အမိ ဒေါ်ခင်သိန်းတို့မှ ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၅ ရက် နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ မွေးဖွားပြီး ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။ သံတွဲမြို့ အစိုးရ အထက်တန်းကျောင်း အမှတ် (၁) တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ၁၉၇၅ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ အမ်ဘီဘီအက်စ်ဘွဲ့ရသည်။ အစိုးရဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ စာပေရေးသားခြင်းတစ်ခုတည်းကိုသာ စူးစိုက်လုပ်ကိုင်ခဲ့သည်။

ဆရာဖေမြင့်သည် တက္ကသိုလ်ကျောင်းသားဘဝကစ၍ စာများ စတင်ရေးသားခဲ့သူ ဖြစ်သည်။ အစောပိုင်းတွင် ဘာသာပြန်ဝတ္ထုများ၊ ထို့နောက် ၁၉၈၆ ခုနှစ်ကစ၍ ပင်ကိုရေးဝတ္ထုတိုများ

---

ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ဟင်္သာတတက္ကသိုလ်။

ရေးသားသည်။ **စာပေဂျာနယ်**ကို စတင်စီစဉ်သူတစ်ဦးဖြစ်ပြီး ဂျာနယ်အမှတ်—၁၂ အထိ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ် အစောပိုင်းမှ ၁၉၉၁ ခုနှစ် အကုန်ပိုင်းကာလအထိ **သင့်ဘဝမဂ္ဂဇင်း** အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလကစ၍ **ဒီလိုင်းမဂ္ဂဇင်း**၏ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ စာပေလက်ရာပေါင်း များစွာကို ရေးသားထုတ်ဝေခဲ့ပြီး **လူသုံးကုန်ပစ္စည်းရောင်းသူများနှင့် အခြားဝတ္ထုတိုများ** စာအုပ်ဖြင့် ၁၉၉၅ ခုနှစ် တွင် အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်ဆု) ရရှိခဲ့သည်။ ကလောင်ခွဲ **ဇော်ငြိမ်း** အမည်ဖြင့် အမေရိကန်စာရေးဆရာ လူးဝီလာမား၏ ကောင်းဘွိုင်ဝတ္ထုများကို ဘာသာပြန်ဆိုခဲ့ဖူးသည်။ လက်ရှိတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူလည်း ဖြစ်သည်။ ယခုအခါ ဇနီးဒေါ်ခိုင်နွယ်ဦး၊ သားသမီးနှစ်ယောက်တို့နှင့်အတူ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်းတွင် နေထိုင်လျက်ရှိပါသည်။

## ဖေမြင့်၏ နှလုံးသားအာဟာရ ရသစာစုများမှ ဘဝအသိ

လူ့စိတ်ဟူသည် ပင်ကိုမူလအရင်းခံသဘောအရ ကြမ်းတမ်းတတ်သောကြောင့် နူးညံ့သိမ်မွေ့ ခြင်းငှာ ရသစာပေတို့က ထိန်းကွပ်ပေးသည်။ ရသစာပေမှရရှိသော အသိ၊ သင်ခန်းစာ၊ ဗဟုသုတတို့သည် လူတို့အတွက် လောကအပေါ် သတိမူတတ်လာကြပြီး ကြင်နာသနားတတ်ခြင်း၊ စာနာ ထောက်ထားတတ်ခြင်း၊ ကိုယ်ချင်းစာတရားနှင့် မေတ္တာထားတတ်ခြင်း စသောစိတ်သဘောတို့ တည့်မတ်လာနိုင်ပေသည်။ ယင်းကဲ့သို့ရသစာပေတို့သည် စာပေလမ်းကြောင်းထဲတွင် ပုံသဏ္ဌာန် မျိုးစုံဖြင့် တည်ရှိနေကြပေသည်။ ရသစာပေနှင့်ပတ်သက်၍ ဆရာဇော်ဂျီက —

> "ထိုစာမျိုးသည် ရသနှစ်သက်ခြင်း အမျိုးမျိုးကိုပေးရင်း လူ့လောကနှင့်စပ်၍ ဝမ်းမြောက်ထိုက်သည်ကို ဝမ်းမြောက်တတ်အောင်၊ ဝမ်းနည်းထိုက်သည်ကို ဝမ်းနည်းတတ်အောင်၊ ချီးကျူးထိုက်သည်ကို ချီးကျူးတတ်အောင်၊ ရှုပ်ချထိုက်သည်ကို ရှုပ်ချတတ်အောင်ပြု၍ ကိုယ်ပိုင်ဘဝအတွေးအခေါ်နှင့် ကိုယ်ပိုင်ဘဝ အသိဉာဏ်တို့ကို အားပေးရန် စာရေးဆရာ၏ ပဋိဘာန်ဉာဏ်စွမ်းဖြင့် ဖန်တီးထားသောစာမျိုးဖြစ်သည်ဟု ဆိုနိုင်သည်" (ဇော်ဂျီ၊ ၁၉၉၄၊ ၇၈)

ဟု ဖွင့်ဆိုလမ်းပြခဲ့သည်။ ယင်းကဲ့သို့သောရသမျိုးကိုပင် အာနိသင်ရသ ဟုလည်း ခေါ်ဝေါ်သုံးစွဲခဲ့သည်။

ဖေမြင့်၏ **နှလုံးသားအာဟာရ ရသစာစုများ** သည် ရသအနွယ်ဝင် ရသစာပေ ပုံသဏ္ဌာန်တစ်ခုပင်ဖြစ်သည်။ ရသစာစုဟု အမည်တပ်ထားသော်လည်း ဘာသာပြန် ဝတ္ထုတို လေးများပင်ဖြစ်သည်။ ထို့ပြင် စာအုပ်အနေဖြင့် နှလုံးသာအာဟာရ ရသစာစုများ(၁)၊ (၂)၊ (၃) စသည်ဖြင့် အသီးသီးအနက် စာတမ်းတစ်စောင်အတွက်သာရည်စူးပြီး နှစ်သက်ရာငါးပုဒ်ကိုသာ ရွေးထုတ်လေ့လာတင်ပြထားပါသည်။ ယင်းတို့မှာ —

- ကောင်လေးနှင့်ခွေးလေး (နှလုံးသားအာဟာရ – ၁)
- ပြတင်းပေါက် (နှလုံးသားအာဟာရ – ၂)
- ကွတ်ကီသူခိုး (နှလုံးသားအာဟာရ – ၃)

တို့ဖြစ်ပါသည်။

**ကောင်လေးနှင့်ခွေးလေး**

ကောင်လေးနှင့်ခွေးလေး ရသစာစုသည် ကိုယ်ချင်းစာတရားဟူသည် ထားသင့်သော စိတ်တစ်ခုဖြစ်ပြီး မြင့်မြတ်သောအသွင်ဖြင့် ရပ်တည်နေကြောင်း၊ အရာရာကို ငွေနှင့်တန်ဖိုးဖြတ်ခြင်း တို့သည် လူ့တန်ဖိုးအစစ်မဟုတ်ကြောင်းတို့ကို သိမ်မွေ့စွာတင်ပြထားသည်။

ဝတ္ထု၏အစသည် စတိုးဆိုင်တစ်ခုတံခါးဝတွင် ချိတ်ဆွဲထားသော 'ခွေးပေါက်ကလေးများ ရောင်းရန်ရှိသည်' ဟူသောဆိုင်းပုဒ်မှ အစပြုသည်။ ဇာတ်ဆောင် ကလေးငယ်သည် သတ်မှတ်ဈေး အသီးသီးရှိသော ခွေးပေါက်လေးများစွာထဲမှ ပုံမှန်ခွေးလေးများနှင့်မတူဘဲ ထော့တီး ထော့နဲ့နှင့် လမ်းမလျှောက်တတ်သလိုဖြစ်နေသော ခွေးလေးတစ်ကောင်ကို ထူးထူးခြားခြားစိတ်ဝင်စားသွားသည်။ ခွေးလေး၏အခြေအနေကို ဆိုင်ရှင်ထံတီးခေါက်ကြည့်ရာတွင် မွေးရာပါ တင်ပါးဆုံရိုးခွက် ပါမလာ သဖြင့် တစ်သက်လုံးဤအတိုင်း ဖြစ်နေမည့်အကြောင်း သိရလေသည်။ ကောင်လေး၏နှုတ်မှ —

'ဒီခွေးလေးကျွန်တော် ဝယ်ချင်တယ်ဗျာ' (ဖေမြင့်၊ ၂၀၀၆၊ စာ — ၂)

ဟု ဆုံးဖြတ်နိုင်သည်အထိ ယင်းအသိသည် လူငယ်လေးအပေါ် လွှမ်းမိုးနိုင်စွမ်း ရှိသွားသည်။ ထို့ပြင် ဆိုင်ရှင်၏နှုတ်မှ —

'ဟာ ... မဝယ်ပါနဲ့ကွ၊ မင်းတကယ်လိုချင်ရင် ငါပေးပါ့မယ်' (စာ — ၃)

ဟူသော တစ်ဆက်တည်းကြားလိုက်ရသောစကားသည် မသန်မစွမ်း ခွေးလေးတစ်ကောင်အတွက် သာမာန်သဘောထားတစ်ခု ဖြစ်သော်လည်း လူငယ်လေးအတွက် နာကျင်စေသည်။ အကြောင်းမှာ လူငယ်လေးသည်လည်း ခြေထောက်တစ်ချောင်း သိသိသာသာ သိမ်နေကောက်နေကာ လမ်းလျှောက် နိုင်စေရန်အတွက် သတ္တုချုပ်တံများနှင့် အားဖြည့်ထားရသူ ဖြစ်နေသောကြောင့် ဖြစ်သည်။ ဆိုင်ရှင်၏ တုံ့ပြန်စကားသည် ခွေးလေးအပေါ် တန်ဖိုးမထားရာရောက်သည့်အတွက် —

'အလကားပေးတာ ကျွန်တော်မလိုချင်ဘူးခင်ဗျ၊ ဒီခွေးလေးလည်း ကျန်တဲ့ခွေးတွေနဲ့တန်းတူ တန်ဖိုးရှိတာပဲ၊ တစ်ပြားသားမှမလျှော့ပါဘူး၊ ကျွန်တော်တန်ဖိုးအပြည့်ပဲပေးမယ်' (စာ — ၃)

ဟူ၍ သူငယ်လေးက ပြန်လည်ပြောစကားတွင် အများ၏သနားမှုမလိုလား၊ ဘဝခရီးတွင် သတ္တိရှိရှိ ရဲဝံ့စွာဖြတ်သန်းလိုသူတို့တွင် တွေ့မြင်ရလေ့ရှိသော စိတ်ဓာတ်ပင်ဖြစ်သည်။ ဆိုင်ရှင်၏ အလကား ပေးမှုသည် အထင်သေးသည့်သဘော၊ နှိမ်ချသည့်သဘော၊ တန်ဖိုးမထားသည့် သဘောတို့သာမက တန်းတူအခွင့်အရေးမရှိသော သဘောသို့ဦးတည်နေသည်။ ယနေ့ခေတ်အခါတွင် ကိုယ်အင်္ဂါချို့တဲ့ နေသောသူတို့ကိုပင် 'မသန်မစွမ်း' ဟူသောဝေါဟာရအစား မသန်ပေမယ့် စွမ်းပါသည် ဟူ၍ ဂုဏ်ပြုခေါ်တွင်နေကြသည်မှာလည်း တန်းတူအခွင့်အရေးထားပြီး စာနာမှုတို့ဖြင့် သုံးနှုန်းနေသည့် သဘောပင်ဖြစ်သည်။

ဖေမြင့်၏ နှလုံးသားအာဟာရ ရသစာစုလာ ကောင်လေးနှင့်ခွေးလေးသည် လူနှင့် တိရစ္ဆာန်ကြား ကိုယ်ချင်းစာတရားထားရှိနိုင်ရန်၊ လူအချင်းချင်းစာနာစိတ်ထားရှိနိုင်ရန်တို့သာမက လူ့အခွင့်အရေးဆိုင်ရာ တန်းတူအခွင့်အရေး ဟူသောဦးတည်ချက်ဆီသို့ သိမ်သိမ်မွေ့မွေ့တင်ပြ ထားနိုင်သည်ဟု ဆိုနိုင်သည်။ လူတစ်ယောက်၏တန်ဖိုးကို အမြင်နှင့်မဆုံးဖြတ်သင့်ကြောင်း၊ လူတစ်ယောက်၏ အားနည်းချက်ကို ကြည့်၍ တန်ဖိုးမဖြတ်သင့်ကြောင်းကို ရည်ရွယ်ထားသည်။ လူ့လောကကြီးသည် သူ့နေရာနှင့်သူ အသုံးဝင်ကြသည်ချည်းဖြစ်ရာ သူတစ်ပါးအပေါ် အကြောင်းမဲ့ အထင်သေး၊ နှိမ်ချသည့် စိတ်ဓာတ်တို့သည် ယဉ်ကျေးမှုမရှိသော စိတ်ဓာတ်တစ်ခုဖြစ်ကြောင်း တင်ပြ ထားသည်။ ရသစာပေဟူသည် နှစ်သက်မှုနောက်ကွယ်ရှိ လောကသဘောကို ထင်သာမြင်သာအောင် ထုတ်ဖော်ပြသနိုင်ရမည်ဖြစ်ရာ **ကောင်လေးနှင့်ခွေးလေး** ရသစာစုသည် လောကသဘော၊ လူ့သဘော တို့ကို ထင်ဟပ်ပြနိုင်သော ရသစာစုတစ်ပုဒ်ဖြစ်ကြောင်းပေါ်လွင် ထင်ရှားနေသည်ဟု ယူဆမိပါသည်။

## ပြတင်းပေါက်

လူဟူသည် အမှားများစွာကို ကျူးလွန်တတ်သည့် သတ္တဝါမျိုးဖြစ်သည်။ ယင်းအမှားများတွင် မထင်မှတ် မရည်ရွယ်မိဘဲ မှားတတ်သောအမှားမျိုးလည်း ရှိပေသည်။ သို့သော် မည်သည့်အမှားမျိုး ဖြစ်ပါစေ လူတစ်ဦးတစ်ယောက်၊ လူတစ်စု၊ ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်း တစ်ခုလုံးအတွက် ရုပ်ဆိုးအကျည်းတန်သော၊ အရင်းအနှီးကြီးမားသော အမှားမျိုးဖြစ်လျှင်မူ ဆုံးရှုံးမှု ကြီးမားနိုင်သည်။ လူတိုင်းအမှားနှင့်မကင်းနိုင်ဆိုသော်လည်း ထိုအမှားကို အချိန်မီပြန်လည်ပြင်ဆင်နိုင်ရန် လိုအပ်သည်။ ပြင်ဆင်ရန် အခြေအနေကောင်းလည်း လိုအပ်သည်။ သို့မဟုတ်လျှင် မိမိ၏ သတိလွတ်ကင်း မှောက်မှားခြင်းသည် တစ်ဖက်သားအပေါ် ဆုံးရှုံးနစ်နာစေမှု ကြီးမားစေနိုင်ပြီး ပြုသူ၏ အပြစ်သည်လည်း လောကီနှင့်လောကုတ္တရာ နှစ်မျိုးစလုံးအတွက် အလွန်ကြီးလေးပေလိမ့်မည်။ ဤသဘောကို ဆရာဖေမြင့်က **ပြတင်းပေါက်** ရသစာစုဖြင့် ထင်ဟပ်ပြခဲ့သည်။

ဆေးရုံတစ်ရုံ၏ လူနာခန်းကျဉ်းလေးရှိ ရောဂါသည်းနေသော လူနာနှစ်ဦးအတွက် ပြတင်းပေါက်တစ်ခုသာရှိရာ တစ်ဦးမှာ အဆုတ်ထဲကအရည်များ စုပ်ထုတ်ရသည်ကို အကြောင်း ပြု၍ တစ်နေ့လျှင်တစ်နာရီခန့် ထိုင်ခွင့်ရသည်။ ထိုလူနာသည် ပြတင်းပေါက်အနီးတွင်ရှိသူဖြစ်၍ တစ်ဖက် ခုတင်ရှိ ပက်လက်လူနာကို မိမိထိုင်ခွင့်ရသည့်အချိန်တိုင်း ပြတင်းပေါက်ပြင်ပရှိ မြင်ကွင်းများကို ပြောပြလေ့ရှိသည်။ မြင်ကွင်းများထဲတွင် ပန်းခြံကြီးတစ်ခု၊ ရေကန်ကြီးတစ်ကန်၊ အနီးရှိ ပတ်ဝန်းကျင်၏ သက်ရှိသက်မဲ့မြင်ကွင်းများ အစုံပါသည်။ ထို့ပြင် မြက်ခင်းစိမ်းစိမ်း၊ ကောင်းကင် ပြာလဲ့လဲ့နှင့် တိုက်တာအဆောက်အဦးတို့ကလည်း ဝန်းရံကာ စီကာပတ်ကုံးပါဝင် ကြသည်။

ပက်လက်လူနာသည် တစ်ဖက်လူ၏ ခရေစေ့တွင်းကျ ပြောသမျှကို စိတ်မျက်စိတွင် မြင်ခွင့် ရနေသည်။ စိတ်ကူးနှင့် ကြည်နူးခွင့်ရနေသည်။ သို့သော် ထိုသို့သာယာလှပသော ပြင်ပ လောကကို စိတ်တိုင်းကျလက်တွေ့ မြင်တွေ့မရခြင်းအပေါ် မသိစိတ်ထဲတွင် လောဘစိတ်တို့ တဖြေးဖြေး အစိုင်အခဲကြီးမားလာသည်။ အတွေးကို ကြိုးစားဖျောက်ယူနေသည့်ကြားက နေရာ လဲချင်စိတ်တို့ ပြင်းပြလာသည်။ ဤစိတ်ကြောင့်ပင် သင့်မသင့် ချင့်ချိန်နိုင်စွမ်း နည်းပါးလာကာ မလိုလားအပ်သော အမှားမျိုး ကျူးလွန်မိသည်အထိ အင်အားကြီးမားလာသည်။ တစ်ညသော် ပြတင်းပေါက်ဘေးလူနာ ရောဂါသည်းလာချိန် အချက်ပေးခလုတ်နှိပ်ကူညီရန် အခြေအနေပေးသည်။ သို့သော်လည်း မရည်ရွယ်ဘဲ အမှားကိုကျူးလွန်မိသွားသည်။ နောက်တစ်နေ့နံနက် လူနာ သေဆုံးသွားသည်။ ရက်အနည်းငယ်အကြာ တစ်ဖက်နေရာသို့ ပက်လက်လူနာပြောင်းခွင့်ရသည်။

တစ်ဖက်လူသေဆုံး၍ လွတ်သွားသောနေရာကို ပြောင်းခွင့်ရသွားချိန်တွင် ပြတင်းပေါက်မှ မြင်တွေ့ရသောမြင်ကွင်းသည် မျှော်လင့်ထားသည့်မြင်ကွင်း မဟုတ်ဘဲ နံရံတံတိုင်းဖြစ် နေသောအခါမှ မိမိအမှားကြီးမားကြောင်းကို သတိပြုမိသည်။ တစ်ချိန်တည်းမှာပင် တစ်ဖက်လူနာ၏ စိတ်စေတနာ ကောင်းကို သိမြင်လာသည်။ သို့သော် ပြင်မရနိုင်သောအမှား၊ မေတ္တာရခဲ့ပါလျက် မေတ္တာပြန်မပေး လိုက်နိုင်သောအမှား၊ တဒင်္ဂရလိုစိတ်လောဘတစ်ခုကြောင့် မိတ်ဆွေကောင်းတစ်ဦး ဆုံးရှုံးလိုက်ရသော အမှား အစရှိသော အမှားပေါင်းများစွာကို ကျူးလွန်မိလျက်သား ဖြစ်နေသည်။ အရင်းနှီးကြီးစွာ ပေးပြီးမှ ရလိုက်သောဘဝအသိ သင်ခန်းစာမျိုးလည်းဖြစ်နေသည်။

ထိုရသစာစုတွင် အလိုဆန္ဒတပ်မက်မှုလွန်ကဲခြင်းသည် အမှားအမှန်ကို ဝေဖန်ပိုင်း ခြားနိုင်စွမ်း အားနည်းလာကာ ဆင်ခြင်တုံတရားကင်းမဲ့သည်အထိ တွန်းအားကောင်းသည်ကို တွေ့နိုင်သည်။ ရည်ရွယ်ချက်မပါ၊ အသက်အန္တရာယ်ဖြစ်စေလိုသော ဆန္ဒမျိုးမပါသော်လည်း မမှားသင့်သောအမှားမျိုး ဖြစ်သည်။ သို့ဖြစ်၍ ပြတင်းပေါက် ရသစာစုမှတစ်ဆင့် လူ့လောကအတွင်း ရှင်သန်ရပ်တည် နေထိုင်ရာတွင် ထားရှိအပ်သောစိတ်ထား၊ ရှောင်လွှဲသင့်သော စိတ်ညစ် စိတ်ဆိုးများကို မြင်သာလာ

စေသည်။ တစ်ချို့သော မသိလိုက် မသိဖာသာအမှားမျိုးသည် လူ့အသက်အန္တရာယ်အထိ ခြိမ်းခြောက်ထိပါးစေသော မမှားသင့်သည့် အဆိပ်သင့်အမှားများဟု လေ့လာယူဆမိပါသည်။

## ကွတ်ကီသူခိုး

လူမှုဆက်ဆံရေးနယ်ပယ်တွင် လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန်အရိပ်အကဲကြည့်ပေါင်းသင်းဆက်ဆံမှုများပြုကြရသည်။ တစ်ဖက်နှင့်တစ်ဖက် သူ့စိတ်ကိုယ့်စိတ် အပြန်အလှန် နားလည်သည့်အခြေအနေရှိလျှင် ပေါင်းသင်းဆက်ဆံရေး အဆင်ပြေချောမွေ့နိုင်မည်ဖြစ်သည်။ သို့သော် လူကဲခတ်ပညာဟူသည် တိမ်မယောင်နှင့်နက် လွယ်မယောင်နှင့်ခက် သဘောမျိုးလည်း ရှိပေသည်။ အကဲခတ်မှား၍ မဖြစ်သင့် မမှားသင့်သောအမှားများ၊ မပြုသင့်သောအပြုအမူများ ကျူးလွန်မိတတ်ကြခြင်းတို့ကြုံတွေ့ရတတ်ပေသည်။

လူမှုဝန်းကျင်တွင် ရပ်တည်နေထိုင်ရာ၌ အပေါင်းအသင်း မိတ်ဆွေကောင်း ဆိုသည်မှာလည်း မရှိမဖြစ်လိုအပ်သော လိုအပ်ချက်ကြီးတစ်ခုပင်ဖြစ်သည်။ မိမိ၏တစ်ဖက်မြင် အမှားတို့ကြောင့် မလိုလားအပ်သော မိတ်ကောင်း ဆွေကောင်းတို့လည်း ဆုံးရှုံးနိုင်ပေသည်။ ဤသဘောကို ဆရာဖေမြင့်၏ **ကွတ်ကီသူခိုး** ရသစာစုတွင် တွေ့နိုင်ပေသည်။

အမျိုးသမီးတစ်ဦးသည် လေဆိပ်တစ်ခုတွင် လေယာဉ်စောင့်နေစဉ် ရသည့်အားလပ်ချိန်လေးအတွင်း စာအုပ်ဖတ်ရင်း အချိန်ဖြုန်းနေမိသည်။ လေယာဉ်စောင့်ချိန်ကလည်း နာရီပေါင်း များစွာကြာမည်ဖြစ်၍ စာဖတ်ရင်း ကွတ်ကီမုန့်စားရင်း အချိန်ကုန်လွန်စေရန် ဆုံးဖြတ်ခဲ့သည်။ စာအုပ်ကိုလည်း သဲသဲမဲမဲဖတ်နေစဉ် သတိထားမိလာသည်မှာ နံဘေးမှလူကလည်း မိမိ၏ကွတ်ကီထုပ်ကို နှိုက်ယူစားသောက်နေသည်ကိုပင် ဖြစ်သည်။ စိတ်ထဲတွင် မိမိ၏ကွတ်ကီမုန့်ကိုယူစားနေ၍ သူခိုးဟုယူဆခဲ့သည်။ အတင့်ရဲလှသောသူခိုးသည် နာရီတကြည့်ကြည့်နှင့် ကွတ်ကီနှိုက်စားမပျက်ရှိနေရာ အမျိုးသမီးကလည်း စိတ်တိုလာသည်။ စိတ်ထဲတွင်လည်း –

'အင်း … ငါ လို သိပ်သဘောကောင်းတဲ့သူမို့သာပေါ့၊ နို့မို့ မျက်ခွက်ကို ပစ်ထိုးမိမှာ' (စာ – ၉၆)

ဟူ၍ အပြစ်တင်ဝေဖန်မိနေသည်။ တစ်ဖက်လူ ဘာဆက်လုပ်မည် ဆိုသည်ကိုလည်း သတိနှင့်စောင့်ကြည့်နေခဲ့သည်။ နောက်ဆုံး ကွတ်ကီတစ်ခုကျန်နေချိန်တွင် မထင်မှတ်သော အဖြစ်အပျက်နှင့်ကြုံတွေ့လိုက်သည်။ တစ်ဖက်လူမှာ ကျန်ရှိနေသော ကွတ်ကီမုန့်တစ်ခုကို နှစ်ပိုင်းပိုင်း၍ဝေမျှလိုက်ခြင်းပင်ဖြစ်သည်။ ယင်းအခြေအနေပေါ်တွင်လည်း –

'ကြည့်စမ်းပါဦးတော် ဒီလူကရဲတင်းရုံမက ရိုင်းလဲရိုင်းသေးတယ်။ ကျေးဇူးတင်တဲ့အမူအရာတောင် တစ်စက်ကလေးမှ ပြဖော်မရဘူး' (စာ - ၉၆)

ဟူ၍ ရှုံ့ရှာနေမိသည်။

သို့သော် မိမိအထင်နှင့်အမြင် လွဲမှားမှုကို လေယာဉ်ထိုင်ခုံရောက်မှ သိရလေသည်။ လေယာဉ်ထိုင်ခုံထက်က မိမိ၏ကွတ်ကီထုပ်အသစ်ကို ကြည့်ရင်း အံ့ဩခြင်းနှင့်အတူ စိတ်ဓာတ်လည်းကျသွားသည်။ သူတစ်ပါးမုန့်ကို ယူစားမိနေသော်လည်း မိမိဥစ္စာဟုထင်ကာ အထင်လွဲပြီးစေတနာပြစ်မှားမိခဲ့သည်။ တစ်ဖက်လူ၏ ဝေမျှခဲ့ခြင်းအပေါ် လွန်သွားမှသိခွင့်ရသည်။ တစ်ပါးသူ၏သဘောထားပြည့်ဝမှုကိုပင် အပေါ်ယံအထင်နှင့် အမှန်ကိုအမှားမြင်ခဲ့မိသည်။

'ငါ့အထုပ် ဒီမှာဆိုရင်၊ ဟိုဟာက သူ့အထုပ်ပေါ့' (စာ – ၉၇)

ဟူ၍ စိတ်တွင်းရေရွတ်မိကာ ရှက်ရွံ့ခြင်းကြီးစွာဖြစ်ရသည်။ ကွတ်ကီသူခိုး ရသစာစုမှတစ်ဆင့် သူတစ်ပါး၏နောက်ကွယ်ရှိ အကြောင်းခြင်းရာကို အသေအချာမသိဘဲ အကဲဖြတ်၊ တံဆိပ်ကပ်

ခြင်းတို့တွင် မိမိစိတ်အထင်နှင့် မဆုံးဖြတ်သင့်ကြောင်းနှင့် လူ့စိတ်မည်သည် တစ်သက်မတ်တည်း ပုံစံခွက်တစ်ခုသဖွယ် သဘောထား၍ မရကြောင်းကို ပြဆိုထားသည်။

မိမိအပေါ်ထားရှိသော တစ်ဖက်လူ၏စိတ်စေတနာကို မမြင်ဘဲ ထင်ရာဆွဲတွေး အကဲဖြတ်ခြင်းတို့သည် အမှားကိုအမှန်ထင်မိသော မောဟစိတ်တစ်ခုပင်ဖြစ်သည်။ တစ်ချိန်လုံး ကွတ်ကီသူခိုးဟု စွပ်စွဲမိနေသူက စေတနာမှန်သူဖြစ်ပြီး ခိုးယူစားမိနေသည်မှာ မိမိဖြစ်နေသော တန်ပြန် အသိကြောင့် ရှက်ရွံ့စိတ်နှင့်အတူ စိတ်မကောင်းခြင်းတို့လည်း ဖြစ်စေသည်။ သို့ဖြစ်၍ ကွတ်ကီသူခိုး ရသစာစုသည် ပေးသင့်ပေးထိုက်သော လောကအသိလောကသတိဆီသို့ သာမန်ဖြစ်ရပ် လေးတစ်ခုပင်ဖြစ်လင့်ကစား အာနိသင်ရှိရှိ သင်ခန်းစာကောင်းတစ်ခုကို ပေးစွမ်းနိုင်သော ရသစာပေကောင်းတစ်ပုဒ်ဟု ယူဆမိပါသည်။

ထို့ပြင် အမှားကိုတိုက်ရိုက်တောင်းပန်ခြင်းငှာ အခြေအနေမပေးလျှင်လည်း အကောင်းဆုံးတောင်းပန်နည်းမှာ ထိုအကျင့်ကိုပြုပြင်လိုက်ရန် အရေးကြီးကြောင်း သင်ခန်းစာရရှိစေပါသည်။

## ခြုံငုံသုံးသပ်ချက်

ဆရာဖေမြင့်သည် စာပေလက်ရာပေါင်းများစွာကို ရေးသားပုံနှိပ်ထုတ်ဝေပြီး စာပေလောကကို အကျိုးပြုနေသူတစ်ဦးဖြစ်သည်။ ထုတ်ဝေခဲ့သော စာပေလက်ရာများစွာအနက် အမျိုးသားစာပေဆုကဲ့သို့ အမြင့်ဆုံးစာပေဆုမျိုးကိုလည်း ထိုက်ထိုက်တန်တန်ရရှိခဲ့သူ ဖြစ်သည်။

စာပေလက်ရာများတွင် ပင်ကိုရေးစာပေတို့၏ တန်ဖိုးကြီးသကဲ့သို့ ဘာသာပြန်စာပေတို့၏ကဏ္ဍသည်လည်း မသေးလှသော တန်ဖိုးတို့ဖြင့် ရပ်တည်နေပေသည်။ ဘာသာပြန်စာပေတို့မည်သည် မိမိလူမျိုး၊ မိမိပတ်ဝန်းကျင်အတွက် ထင်ဟပ်ရေးဖွဲ့ထားသည်ဆိုသော်လည်း လူ့သဘောလူ့သဘာဝဟူသည် အခြေခံအားဖြင့် လူမျိုးတိုင်း၊ ပတ်ဝန်းကျင်တိုင်းအတွက် ထပ်တူညီသော သဘောတို့ရှိပေသည်။ စာဆိုတို့မည်သည် မိမိတို့၏စိတ်စေတနာပဲ့ကိုင်မှု အတိုင်းအတာအရ လူ့ဘဝပတ်ဝန်းကျင်ကို နည်းလမ်းမျိုးစုံဖြင့် ပြုပြင်သည်။ တည့်မတ်သည်။ ဆောင်ရန်ရှောင်ရန် စိတ်သဘာဝတို့ကို တတ်အားသရွေ့ လမ်းပြကြသည်။

ဖေမြင့်၏ နှလုံးသားအာဟာရ ရသစာများသည်လည်း သတိမူစရာ၊ သင်ခန်းစာယူစရာ ဘဝအသိ တို့ပြည့်နှက်နေသော စာအုပ်ကောင်းများ ဖြစ်ပါသည်။ မူရင်းစာဆို၏ လမ်းညွှန်ချက်များကို မှန်ကန်သော ဘာသာပြန်မှုမျိုးနှင့် လမ်းပြနိုင်ခဲ့သည်ဟု ယူဆမိပါ သည်။

အဆင့်အတန်းရှိသော၊ ကောင်းမွန်သောရသစာပေ (တစ်နည်း) အာနိသင်ရသစာပေ တို့သည် လူ့ပတ်ဝန်းကျင်၊ လူ့လောက၏ သဘောသဘာဝ၊ အဖြစ်အပျက်၊ အကောင်းအဆိုးတို့ကို ခံစားနားလည်လာနိုင်အောင် ရေးခြယ်ဖော်ထုတ်ပြနိုင်ကြသည်။ ထို့ပြင် ဒိဋ္ဌလောကတွင်ပါ သတိပြုလာနိုင်အောင်၊ သင်ခန်းစာယူလာနိုင်အောင်၊ ဆင်ခြင်လာနိုင်အောင် နှိုးဆော်နိုင်စွမ်းရှိကြသည်။ ထိုကဲ့သို့ စေတနာလမ်းညွှန်မှုမျိုးကို ဆရာဖေမြင့်၏ နှလုံးသားအာဟာရ ရသစာများတွင် ရရှိခံစားနိုင်ကြောင်း လေ့လာသုံးသပ်မိပါသည်။

## နိဂုံး

ဖေမြင့်၏ နှလုံးသားအာဟာရ ရသစာစုများမှ ဘဝအသိစာတမ်းကို ဆရာဇော်ဂျီ၏ ရသသဘော ဖွင့်ဆိုချက်နှင့်ချိန်ထိုး၍ လေ့လာသုံးသပ် တင်ပြထားပါသည်။ သို့ဖြစ်ပါ၍ လူ့သဘော၊ လူ့စရိုက်တို့နှင့် လူမှုဝန်းကျင်တစ်ခုလုံးကို ထင်ဟပ်နိုင်စွမ်းရှိသော ယင်းဘာသာပြန်ဝတ္ထုတိုများသည်

ဘာသာပြန်ဝတ္ထုစာပေ တိုးတက်မှုအတွက်သာမက အဆင့်မြင့်ရသစာပေတို့၏ အခန်းကဏ္ဍကိုပါ အထောက်အကူကောင်းတစ်ခု ဖြစ်စေနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

## ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်ရေးအတွက် ကူညီပေးပါသော ဟင်္သာတတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာနီလာမြင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာမာလာ၊ မြန်မာစာဌာန၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာတင်တင်ရွှေ၊ ပါမောက္ခ ဒေါက်တာဥမ္မာမြင့်နှင့် ဟင်္သာတတက္ကသိုလ် သုတေသနဂျာနယ် ဖြစ်မြောက်ရေးအဖွဲ့တို့ကို ကျေးဇူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း

စာတည်းအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)၊ (၂၀၀၃)။ ***နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း***၊ ရန်ကုန်၊ ပညာရွှေတောင်စာအုပ်တိုက်။

ဇော်ဂျီ၊ (၁၉၉၄)။ ***ဆရာဇော်ဂျီစာပေါင်းချုပ်***၊ (တ–တွဲ)။ ရန်ကုန်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့။

ဇော်ဂျီ၊ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***၊ (ဒု–ကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဖေမြင့်၊ (၂၀၀၆)။ ***နှလုံးသားအာဟာရ ရသစာများ(၁)***၊ (ဒု–ကြိမ်)။ ရန်ကုန်၊ ဖေမြင့်စာပေ။

ဖေမြင့်၊ (၂၀၀၅)။ ***နှလုံးသားအာဟာရ ရသစာများ(၂)***၊ (ဒု–ကြိမ်)။ ရန်ကုန်၊ ဖေမြင့်စာပေ။

ဖေမြင့်၊ (၂၀၀၀)။ ***နှလုံးသားအာဟာရ ရသစာများ(၃)***၊ (ပ–ကြိမ်)။ ရန်ကုန်၊ ဖေမြင့်စာပေ။